## ဒေါက်တာအေးမောင်၏ အမှာစာ

ကျွန်တော် ပထမဦးဆုံး ပုံနှိပ်စာအုပ်တစ်အုပ်တွင် အမှာစာ ရေးဖူးခြင်းဖြစ်ပါတယ်။ ကျွန်တော်က စာအရေးအသား မချောတော့ ရေးရမှာ မဝံ့မရဲ့ဘာရယ်၊ ဒီကြားထဲ ခရီးစဉ်တချို့ရယ် ဖြစ်လာတော့ အတော်အချိန်ယူဖြစ်ခဲ့ပါတယ်။ အမျိုးသား အကျိုးစီးပွားနဲ့ နိုင်ငံတော် အချုပ်အခြာအာဏာ စပ်ဆိုင်တဲ့ ဆောင်းပါး (၉)ပုဒ်ကို ကြိမ်ဖန်များစွာ ရေနွေးစပ်စပ် ဖတ်ကြည့်တော့ နိုင်လင်း (မေယာဝီ)ရဲ့ အကြောင်းအရာ တစ်ခုချင်းအပေါ် ချဉ်းကပ်မှု၊ နှုရှုရှာ ကောက်ချက်ဆွဲပြမှုတွေဟာ လှလယ် ပီပီ ထက်မြက်တယ်၊ အရေးအသား သွက်လက်ပြီး မြန်မာစကားပြေကို နိုင်နင်းတယ်၊ အနာဂတ် ပြည်ထောင်စုသစ်ကို မပျောက်မျက်အောင် ချီတက်ရင်း အမျိုးသားရေးရပ်တည်ချက် မှန်ကန်မှုဟာ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးပုံကို ဆောင်းပါးတိုင်းမှာ ပုံဖော်ပြသွားတာ တွေ့ရပါတယ်။

မြန်မာတို့ရဲ့ အနောက်တံခါး မကျိုးပေါက်သေးကြောင်း မေးခွန်း ထုတ်တဲ့ပုံစံနဲ့ ရေးထားတာလည်း တွေ့ရပါတယ်။ ဘင်္ဂလီတွေရဲ့ ဝင်မ ရည်မှန်းချက်ကို 'မွတ်ဆလင်ပြည်နယ်မှသည် နိုင်ငံတော်သို့' ဆောင်းပါး မှာ တွေ့နိုင်ပါတယ်။ ဆင်ခြင်သုံးသပ်နိုင်ကောင်းတဲ့ တင်ပြချက်တစ်ခုမှာ 'အလယ်သံကျော် ညီလာခံရဲ့ ဆုံးဖြတ်ချက်တွေဟာ ဒီနေ့အချိန်ထိ သက်ဝင်လှုပ်ရှားနေပြီး ဟန်ချက်ညီညီ လှုပ်ရှားနေခဲ့ဖြစ်တယ်၊ ပါလီမန် ခေတ်ကလည်း လွှတ်တော်ထဲထိ တင်သွင်း ဆွေးနွေးခဲ့ဖူးသလို ယနေ့ အချိန်မှာလည်း လွှတ်တော်ထဲထိ သယ်ဆောင်လာကာ ရိုဟင်ဂျာ အမည် ခံ ဘင်္ဂလီတွေက နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ကိုင်လှုပ်ခဲ့ပါတယ်' လို့ စိန်ခေါ်မှု အဟောင်းတွေကို စိန်ခေါ်မှုသစ်အဖြစ် ဘင်္ဂလီတွေ ပညာ သားပါပါ လက်ဆင့်ကမ်းသွားကြပုံကို ပုံဖော်ဖွင့်ချထားပြီး သတိပြုမိစေ လိုတဲ့ စာရေးသူရဲ့ စေတနာကို တွေ့ရပါတယ်။

မီဒီယာသမားပီပီ မီဒီယာတွေအပေါ် လွှမ်းမိုးထားတဲ့ ဘင်္ဂလီ တွေရဲ့ နည်းဗျူဟာတွေဟာ မဟာဗျူဟာ ရည်မှန်းချက်တွေနဲ့ အတိုင် အဖောက်ညီပုံကို 'ဘင်္ဂလီမှသည် ရိုဟင်ဂျာ တိုင်းရင်းသားဖြစ်ရေး'မှာ တွေ့လိုက်ရပြီး နောက်ကွယ်မှ အန္တိမရည်မှန်းချက်အပေါ် ဝုရှုရှာ ဖွင့်ဟ ထားပါတယ်။ ဒါ့အပြင် ဘာသာရေး ပဋိပက္ခအသွင် ဖန်တီးမှုတွေရဲ့ နောက်ကွယ်မှ ကြိုးကိုင်ရှင်များ၊ အခြေခံ ဆက်ကြောင်းများ၏ အရေး ပါပုံကို 'ဦးရာဇတ်မှ'. . . အစချီပြီး 'မြန်မာတို့ရဲ့ အနောက်တံခါးကို ပြန်လှည့်ကြည့်'စေပြန်ပါတယ်။ ဘင်္ဂလီတို့ရဲ့ နယ်မြေချဲ့ထွင်ရေး ကြံစည်း မှုတွေ အောင်မြင်ရေးအတွက် ဘာသာရေးအဓိကရုဏ်း ဖြစ်ပေါ်စေရေးဟာ အလွန်လိုအပ်တဲ့ ဗျူဟာတစ်ခုဖြစ်ကြောင်း သတိပြုမိစေပါတယ်။ ဒါကြောင့် ဘင်္ဂလီလှုပ်ရှားမှုမှာပါဝင်တဲ့ မြန်မာမွတ်ဆလင် အမည်ခံတွေ ကိုလည်း ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့အတွက် လူထုကို ဖော်ပြထား တာ တွေ့ရပါတယ်။

ခြုံပြီးပြောရရင် ဒီဆောင်းပါးစုများဟာ ရခိုင်ပဋိပက္ခရဲ့ တတိယ လှိုင်းသံကို မကြား ကြရစေဖို့ သတိပြုဖွယ်ရာများ၊ ဆက်စပ် စဉ်းစား ဖွယ်ရာများ၊ ကြိုတင်ပြင်ဆင်ဖွယ်ရာများကို လုံခြုံရေး အစီအမံများ၊ သမိုင်းခံကတုတ်များဖြင့် နိုင်ငံရေး သတိ၊ အမျိုးသားရေး သတိတို့ဖြင့် ကြိုတင်ပြင်ဆင်နိုင်ကြရန် အနာဂတ်ပြည်ထောင်စုသို့ တစ်လှန့်ဆော်ဩ ထားခြင်းပဲ ဖြစ်ပါတယ်။ စာရှုသူတွေအနေနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးမှာ မိမိကိုယ်တိုင်၌လည်း တာဝန်ရှိပါတယ်လို့ ဆင်ခြင် အသိ နိုးဝင်းမှု ခံစားမိသွားတယ်ဆိုရင် စာရေးသူရဲ့ ဆန္ဒ ပြည့်ပါလိမ့်မယ် လို့ ခံစားယူဆမိပါကြောင်း ဤအမှာစာဖြင့် ဖော်ပြအပ်ပါတယ်။

၉ ၊ ၅ ၊ ၂၀၁၃ — ဒေါက်တာအေးမောင်

စစ်တွေမြို့၊ — ဥက္ကဋ္ဌ

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဒေါက်တာအေးမောင်၏ အမှာစာ | ၇ |
| ၂။ | စာရေးဆရာ ထွန်းခေါင်၏ အမှာစာ | ၁၀ |
| ၃။ | စာရေးသူ၏ အမှာစာ | ၁၅ |
| ၄။ | ဦးရာဇတ်မှသည် ကိုမြအေးအထိ သို့သော်-တံခါးလာခေါက်ပြီ | ၁၉ |
| ၅။ | အမှန်တရားအတွက် ယုံကြည်ရာကို ဆွဲကြည့်ခြင်း | ၂၆ |
| ၆။ | မြန်မာနိုင်ငံရဲ့ အနောက်တံခါး တကယ်ကျိုးပျက်သွားပြီလား(၁) | ၃၃ |
| ၇။ | မြန်မာနိုင်ငံရဲ့ အနောက်တံခါး တကယ်ကျိုးပျက်သွားပြီလား(၂) | ၃၉ |
| ၈။ | မြန်မာနိုင်ငံရဲ့ အနောက်တံခါးကို လှည့်ကြည့်ခြင်း | ၅၀ |
| ၉။ | မွတ်ဆလင်ပြည်နယ်မှသည် နိုင်ငံတော်သို့ | ၅၆ |
| ၁၀။ | ကျောက်စာ သက်သေ(၁) | ၆၅ |
| ၁၁။ | ကျောက်စာ သက်သေ(၂) | ၆၈ |
| ၁၂။ | လိမ်ညာသော သမိုင်းတွေနဲ့ တိုင်းရင်းသား မဖြစ်နိုင် | ၇၅ |
| ၁၃။ | မြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတံခါးကို ပြင်းထန်စွာ လာခေါက်ခြင်း | ၈၀ |
| ၁၄။ | ရခိုင်အရေးအခင်း နဲ့ ဗမာအရေးအခင်း | ၈၇ |
| ၁၅။ | တိုင်းရင်းသားဖြစ်ရေးမှသည် မွတ်ဆလင်ပြည်နယ် ထူထောင်ရေးနှင့် စိန်ခေါ်မှုများ | ၉၄ |


□